**MOHT COVID-19 Resilience Package (1)**

**Tourism Capacity Building for Tourism Related Grassroots Personnel**

**ခရီးသွားလုပ်ငန်းဝန်ဆောင်မှု (အခြေခံ) သင်တန်းများဖွင့်လှစ်ရန် ကြေငြာခြင်း**

- ❖ ဟိုတယ်နှင့်ခရီးသွားကဏ္ဍလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် Coronavirus Disease 2019 – COVID-19 ကြောင့် ခရီးသွားလုပ်ငန်းကျဆင်းလျှက်ရှိသော တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများပြန်လည်မြှင့်တင်နိုင်ရန်ရည်ရွယ်၍ ခရီးသွားလုပ်ငန်းဝန်ဆောင်မှု (အခြေခံ) သင်တန်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီး၌ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပါသည်။
- ❖ ခရီးသွားလုပ်ငန်းဝန်ဆောင်မှု (အခြေခံ) သင်တန်းများတွင် Communication and Introduction of Foreign Language Module, Service Attitude Module, Health and Hygiene Module, Safety and Security Module များ သင်ကြားပေးမည် ဖြစ်ပါသည်။
- ❖ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ခရီးစဉ်ဒေသများတွင် ပါဝင်လုပ်ကိုင်နေကြသော အခြေခံလူတန်းစားများဖြစ်သည့် အနေးယာဉ် ဆိုက်ကားဆရာများ၊ မြင်းလှည်းဆရာများ၊ အငှားယာဉ်မောင်းသူများ၊ စက်လှေမောင်းသူများ၊ ခေါင်းရွက်ဗျတ်ထိုးဈေးသည်များ၊ လက်မှုပညာသည်များ တက်ရောက်နိုင်ပါသည်။
- ❖ သင်တန်းကာလမှာ ရက်သတ္တပတ် ၁ ပတ်လျှင် စနေ၊ တနင်္ဂနွေ ၂ ရက်နှုန်းဖြင့် ၄ ပတ်၊ ၈ ရက်ကြာ သင်ကြားမည်ဖြစ်ပြီး၊ သင်တန်းများကို COVID-19 Lockdown အလွန်ကာလ(ခန့်မှန်း ဇွန်လဆန်း) တွင် စတင်ဖွင့်လှစ်သွားရန် လျာထားပါသည်
- ❖ သင်တန်းကြေး သုံးသောင်းကျပ်ကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန COVID-19 Stimulus Package မှ ကျခံပေးမည့်အပြင် သင်တန်းတက်ရောက်မည့် သင်တန်းသားများအား သင်တန်းကာလအတွင်းတစ်ရက်လျှင် ၄၈၀၀ ကျပ်နှုန်းဖြင့် ထောက်ပံ့ပေးမည်ဖြစ်ပါသည်။
- ❖ အပတ်စဉ်တစ်ခုတွင် သင်တန်းသား ၂၀ ဦးဖြင့် မန္တလေးတိုင်းဒေသကြီး မန္တလေးနှင့် ပုဂံ တို့တွင် စတင်ဖွင့်လှစ်ပြီး သင်တန်းတက်ရောက်လိုသူအရေအတွက်ပေါ် မူတည်၍ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ တိုးချဲ့ဖွင့်လှစ်သွားပါမည်။
- ❖ သင်တန်းသားရွေးချယ်မှုကို သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ခရီးစဉ်ဒေသစီမံခန့်ခွဲရေး အဖွဲ့အစည်းများမှ သက်ဆိုင်ရာလုပ်ငန်းအသင်းအဖွဲ့များနှင့် ပူးပေါင်းရွေးချယ်သွားမည်ဖြစ်ရာ သင်တန်းတက်ရောက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် မိမိတို့လုပ်ကိုင်ရာဒေသအလိုက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ရုံးခွဲများ၊ ခရီးစဉ်စီမံခန့်ခွဲရေးအဖွဲ့များနှင့် ညှိလမ်းညွှန်အသင်းများထံလိပ်မူ၍ လျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။
- ❖ Online မှ လျှောက်ထားရန် : လျှောက်လွှာများကို https://bit.ly/2Lz7BUg မှ Download ရယူဖြည့်စွက်ပြီးလျှင် moht.covid.rp1@gmail.com သို့ပေးပို့ပါရန်။